# ဇနီးဖြစ်သူ ကိုယ်ဝန်ရှိသည့်ကိစ္စ စကားများပြီး ယောက်ျားဖြစ်သူ ဆွဲကြိုးချသေဆုံး

သတင်းရင်းမြစ် > ဇော်ဇော်ထွေး
ကြာသပတေးနေ့၊ အောက်တိုဘာလ ၂၄ ရက် ၂၀၁၃ ခုနစ် ၁၀ နာရီ ၅၂ မိနစ်

---

သဃ်န်းကျွန်းမြို့နယ်တွင် ဇနီးဖြစ်သူကိုယ်ဝန်ရှိသည့်ကိစ္စဖြင့် စကားများကြရာမှ ယောက်ျားဖြစ်သူ ဆွဲကြိုးချ သေဆုံးခဲ့မှုတစ်ခု အောက်တိုဘာ ၂၂ ရက်က ဖြစ်ပွားခဲ့သည်ဟု ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ဆိုသည်။

ဆွဲကြိုးချ သေဆုံးခဲ့သူမှာ (၁၆)ရပ်ကွက်၊ ကံ့ကော်ရိပ်သာလမ်းတွင် နေထိုင်သည့် ၄၅ နှစ်အရွယ်ရှိ ဦးမောင်မောင်စိုး ဖြစ်သည်ဟုလည်း မြို့နယ်ရဲတပ်ဖွဲ့က အတည်ပြုထားသည်။

၎င်းသည် အိမ်နောက်ဖေးခန်း ခေါင်မိုးထုတ်တန်းတွင် အရှည်ငါးပေခန့်၊ လုံးပတ် လက်မဝက်ခန့်ရှိ နိုင်လွန်ကြိုးဖြင့် ဆွဲကြိုးချသေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူသည် ဇနီးဖြစ်သူ ကိုယ်ဝန်ရှိသည့်ကိစ္စဖြင့် စကားများရာမှ ယင်းကဲ့သို့ သေကြောင်းကြံစည်ခြင်းဖစ်ဟု ကနဦးအရ သိရှိထားရသည်ဟု ဆိုသည်။

သေဆုံးသူအလောင်းကို သဃ်န်းကျွန်းစံပြဆေးရုံသို့ ပို့အပ်ထားရာ ပီအာရ် ၇၇ ဖြင့် လက်ခံစစ်ဆေးနေသည်ဟု ဆိုသည်။

ထို့ပြင် ယင်းသေဆုံးအား ဓမ္မတာအတိုင်း သေဆုံးခဲ့ခြင်း ဟုတ်၊ မဟုတ် ဆက်လက်စစ်ဆေးဖော်ထုတ် ပေးရန် ဒု-ရဲအုပ် ငွေမိုးကတရားလိုပြုလုပ် တိုင်တန်းထားသည်။ ထို့ကြောင့် ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၂၂/၂၀၁၃ ဖြင့် အမှုဖွင့်ပြီး စခန်းမှူးဖြစ်သူ ရဲမှူး သိန်းဟန်က စစ်ဆေးနေသည်ဟု တိုင်းရဲတပ်ဖွဲ့မှူးရုံးက ဆိုထားသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese .